# အမည်နာမ

ဒေါက်တာဖေမြတ်ဝင်း

တချို့နာမည်ကြား ယုံနှင့်
လိုအပ်တာ
အားလုံးသိနိုင်ပါသည်။
ဟစ်တလာ၊ ဆဒမ်ဟူစိန်၊
မာသာထရီစာ ဆိုလျှင်
ဘယ်သူလဲမေးစရာမလိုပါဘူး။

လူတွေမွေးလာတဲ့အခါ နံပါတ်တပ်ပြီး မခေါ်ကြပါဘူး။ နာမည်ပေးကြပါသည်။ ကျွန်ုပ်တို့အားလုံးမှာ နာမည်ရှိရန် လိုအပ်သည့်အတွက် မိဘများက မမွေးမီကပင် ရွေးချယ်ထားတတ်ပါသည် တစ်ခါတစ်ရံမှာ အဘိုးအဘွားများကလည်း ပါဝင်ချင်ကြသည်။ ကျွန်တော့်မြေးလေးကို သူ့မိခင်ဖက်က အဘိုးက နာမည်ရွေးပေးခဲ့တာပါ။ ဗေဒင်ကိန်းဂဏန်းအားလုံး သေချာစွာတွက်ချက်ပြီး ခင်ချမ်းမြေ့ညို လို့ အမည်ပေးခဲ့သည်။ အိမ်မှာတော့ "ချမ်းချမ်း"ပေါ့။

တကယ်တော့လည်း နှစ်ဖက်သော မိသားစု၏ သာယာချမ်းမြေ့မှုကို ဖြစ်ပေါ်စေသည့်ကလေးငယ်ဖြစ်ပါ၏။ ဒါပေမယ့် ဗေဒင်ကြောင့်မဟုတ်ပါဘူး။ သူကိုယ်တိုင်က ချစ်စရာကောင်းလို့ပါ။ နာမည်ဆိုတာ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ပြသည့် အမှတ်အသား ဖြစ်သည်။ နာမည်၏နောက်ကွယ်တွင် သတင်းအချက်အလက်များရှိပါသည်။ ထိုသူ၏ကိုယ်ရေးရာဇဝင်ရှိပါသည်။ ဖြူသလား၊ မည်းသလား၊ ချောသလား၊ ရုပ်ဆိုးသလား စသည့် ရုပ်ပိုင်းဆိုင်ရာများအပြင် လူတော်လား၊ လူညံ့လား၊ လူကောင်းလား၊ လူဆိုးလားဆိုသည့် ထိုသူနှင့်သက်ဆိုင်သော ကျိုးကြောင်းချင်းရာများကိုလည်း စုံစမ်းသိရှိနိုင်ပါသည်။ တချို့နာမည်ကြားယုံနှင့် လိုအပ်တာ အားလုံးသိနိုင်ပါသည်။ ဟစ်တလာ၊ ဆဒမ်ဟူစိန်၊ မာသာထရီစာ ဆိုလျှင်ဘယ်သူလဲမေးစရာမလိုပါဘူး။

Family Name ခေါ်မျိုးရိုးကိုဦးစားပေး၍ အမည်မှည့်သောစနစ်ကို အနောက်နိုင်ငံများတွင်အသုံးပြုပါသည်။ အထူးသဖြင့် ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော တိုင်းပြည်များတွင် ထီးမွေနန်းမွေကို ဆက်ခံရာတွင် အရေးကြီးပါသည်။ ဗြိတိန်နိုင်ငံမှ အိမ်ရှေ့မင်းသား၏ နာမည်အပြည့်အစုံမှာ Prince Charles Philip Arthur Goerge ဖြစ်ပါသည်။ Our Daily Bread စာအုပ်တွင် ဖခင်က သူ့သားနာမည်ကို Yo Xing Heyno Auguotus Eisner Alexander Weiser Knuckles Jerenifinko Cenley ဟုမှည့်လိုကြောင်း တရားရုံးတွင် လျှောက်ထားသည်ကိုဖတ်လိုက်ရပါသည်။

သည်လောက်ရှည်သည့် နာမည်ကိုရွေးချယ်ရသည့် ရည်ရွယ်ချက်တော့ရှိပါလိမ့်မည်။ ကျွန်ုပ်တို့ မြန်မာတွေကတော့ အမည်ပေးလျှင် နေ့သင့်နာမ်သင့်ပေးတတ်ကြပါသည်။ ဘုန်းကြီးကို နာမည်ရွေးခိုင်းသူများလည်း ရှိကြပါသည်။ သို့သော် ယခုခေတ်တွင် နာမည်ဆိုတာ အဓိပ္ပါယ်ရှိသည်ထက် ဆန်းဖို့၊ လှဖို့၊ နားဝင်ချိုဖို့ ကပိုအရေးကြီးပုံရသည်။

ကျွန်တော်တို့ခေတ်က အင်္ဂလိပ်ကျောင်းတွေပေါ်သည့်အတွက် အင်္ဂလိပ်နာမည်တွေလည်းပေါ်ခဲ့ပါသည်။ အင်္ဂလိပ်လား၊ မြန်မာလား မသိသည့်နာမည်မျိုးလည်း ရှိပါသည်။ ထိုခေတ်ကား ရုပ်ရှင်မင်းသမီး မေရီမြင့်ဆိုတာ လူတွေရဲ့ အသည်းစွဲပါပဲ။

John, Peter, Paul, Mary ဆိုသောနာမည်တွေကို ပေးတတ်ကြပါသည်။ ကျမ်းစာထဲက နာမည်တွေဖြစ်ကြောင်းကိုတော့ လူတိုင်းမသိကြပါ။ Grace ဆိုတာလည်း ကျမ်းစာထဲက စကားပါပဲ။ ရုပ်ရှင်မင်းသမီး Grace Kelly ကို သဘောကျပြီးပေးတာလား၊ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပြီးပေးတာလားဆိုတာကိုတော့ ပေးသူပဲသိပါသည်။

ကျွန်တော် Kenyer နိုင်ငံတွင် ကမ္ဘာ့ ခရစ်ယာန်ဆရာများ (CMDS)ညီလာခံတက်ခဲ့စဉ်က အလွန်ထူးခြားသည့် အမည်ပိုင်ရှင် ဆရာဝန်မတစ်ဦးနှင့် တွေ့ခဲ့ပါသည်။ သူမ၏ Family Name တွင် စာလုံး (၁၆) လုံးပါ ပါသည်။ မည်သူမှ မခေါ်တတ်ပါ။ သူ့နာမည်ကိုခေါ်လိုက်တိုင်း ရယ်ကြပါသည်။ သူကလည်း ရယ်တာပါပဲ။ နာမည်မလှပေမယ့် လူကတော့

*ကွန်ဂိုနိုင်ငံ၏ သမ္မတဟောင်း အာဏာရှင် မိုဘူတူက မိမိကိုယ်ကို Mobutu Sese Ko Ko Ngbendu Waza Banga ဟု အမည်ပေးထားပါသည်။*

အလွန်ချစ်စရာကောင်းပါသည်။

နာမည်တစ်ခုတွင် စာလုံးပေါင်း၊ အသံထွက်နှင့် အဓိပါယ်များထက် ထိုနာမည်ကို ပိုင်သောသူ၏ အကျင့်စာရိတ္တ၊ စိတ်နေသဘောထားနှင့် လုပ်ဆောင်မှုတို့က များစွာပို၍အရေးကြီးကြောင်း၊ ကျွန်ုပ်တို့သိကြပါသည်။ လူကောင်းမှ နာမည်ကောင်းတာပါ။ လူကသာ နာမည်ကိုဖော်ညွှန်းတာပါ။ နာမည်ကြားလျှင် လူကိုမြင်ကြပါသည်။

ကွန်ဂိုနိုင်ငံ၏ သမ္မတဟောင်း အာဏာရှင် မိုဘူတူက မိမိကိုယ်ကို Mobutu Sese Ko Ko Ngbendu Waza Banga ဟု အမည်ပေးထားပါသည်။ မယိမ်းယိုင်သော ယုံကြည်ချက်ဖြင့် ကြံ့ခိုင်သူ၊ ရန်သူကိုမီးကဲ့သို့ ဝါးမျိုသူ၊ အားလုံးကို အနိုင်ယူသူဟု အဓိပါယ်ပေါက်ပါသည်။ သူမနိုင်ဘဲ သေသွားသည့်အခါ အားလုံးပျော်ကြတာကိုတော့ သူမမြင်လိုက်ရပါ။

ထို့ကြောင့်ခေါ်ဝေါ်သည့်နာမည်၊ ခံယူထားသည့် ဘွဲ့နာမတွေက အရေးမကြီးပါဘူး။ ကျွန်ုပ်တို့၏ အကျင့်စာရိတ္တနှင့် လုပ်ဆောင်ချက်များကသာ ကျွန်ုပ်တို့ မည်သို့သောသူဖြစ်ကြောင်း ဖော်ပြတာပါ။ လက်ဆောင်ကို ထုပ်ထားသည့် စက္ကူထက် အတွင်းမှာပါသည့်ပစ္စည်းက အရေးကြီးတာပါ။ မွေးနေ့အတွက် ဘာရသလဲလို့မေးလျှင် စက္ကူရတယ်လို့ မည်သူမှမပြောပါဘူး။ နာမည်ကောင်းသည်ဆိုတာ လူကောင်းတာကိုပြောတာပါ။ နာမည်ဆိုးတာလည်း လူဆိုးလို့ပေါ့။

Ben Hur ရုပ်ရှင်ထဲတွင် ရောမဗိုလ်ချုပ်ကြီးက လှေထိုးသားဘင်ဟား ကို နံပါတ် ၄ ဟု ခေါ်ဆိုဆက်ဆံတာကို သတိထားမိပါသလား။ ကျွန်ဖြစ်လို့ နာမည်တပ်မခေါ်ဘူး၊ နာမည်ကိုလည်းမသိဘူး၊ ကျွန်မှာ နာမည်ရှိရန် မလိုဘူးလေ။ ကျွန်ကို လူလို့မှ မမြင်တာပဲကိုး။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်သုံ့ပန်းစခန်းတွေမှာလည်း အကျဉ်းသားတွေကို နံပါတ်တပ်ပြီးဆက်ဆံကြသည်။

လူသည် နံပါတ်ပြားမဟုတ်ပါဘူး။ လွတ်လပ်စွာ တွေးခေါ်လှုပ်ရှားဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ် လူသားပါ။ ဘုရားသခင်က သူ၏ပုံသဏ္ဍာန်တော်နှင့် အညီဖန်ဆင်းထားတာပါ (က ၁း၁၂)။ သို့ပေမယ့် ယခုခေတ်မှာပင် လူတွေကို နံပါတ်ဖြစ်အောင်၊ စက်ရုပ်ဖြစ်အောင် ရုပ်သေးဖြစ်အောင် ကြိုးစားနေခြင်းများရှိပါသေးသည်။

မည်သူမဆို နာမည်ကောင်းရလိုတာပါပဲ။ နာမည်ကြီးသူတွေလည်း အများကြီးရှိပါတယ်။ နာမည်ကြီးချင်လို့ လူသတ်တဲ့သူတွေရှိပါတယ်။ ယခုခေတ်တွင် မိမိတို့ရဲ့ နာမည်ရှေ့မှာရော၊ နောက်မှာရော ဘွဲ့ကြီးတွေ၊ ရာထူးကြီးတွေ၊ ဂုဏ်ပုဒ်ကြီးတွေ တပ်ထားသူများကို ပို၍တွေ့ရပါသည်။ သည်ခေတ်မှာ လူသည် အမြီးရှည်လေလေ ကောင်းလေပါပဲ။

ယခင်ခေတ်တွေက ဘွဲ့တစ်ခုရလျှင် အတော်လုံလောက်နေပါပြီ။ ယခင်ခေတ်တွင် ငွေနှင့်ဝယ်၍ရသော ဘွဲ့ကို လွယ်လွယ်နှင့်လည်းမရပါ။ တစ်ချို့ဘွဲ့လက်မှတ်အတုများက အစစ်ထက်ပင် သားနားပါသေးသည်။ ကျွန်တော့် ဘွဲ့လက်မှတ်တွေကို နိုင်ငံခြားတွင် ပြခဲ့ရတိုင်း ရှက်မိပါသည်။ သူများတွေလို စာရွက်အကောင်းစားပေါ်တွင် ရွှေရောင်၊ ငွေရောင် ဖောင်းကြွစာလုံးများနှင့် ရေးထားသည့် လက်မှတ်မှ မဟုတ်ပဲ။

သို့သော်လည်း ဤဘွဲ့လက်မှတ်နှင့်ပဲ ကျွန်တော် အလုပ်ရခဲ့သည်။ သည်ဘွဲ့ကိုပေးတဲ့ အမိတက္ကသိုလ်၊ သင်ကြားပို့ချပေးခဲ့တဲ့ ဆရာတွေ၏ ဂုဏ်ကျေးဇူးတွေကြောင့် ကျွန်တော် ဘယ်တုန်းကမှ မျက်နှာမငယ်ခဲ့ရပါဘူး။ ဒါကြောင့် လက်မှတ်လှသည် မလှသည်က အရေးမကြီးပါ။ ရရှိခဲ့သည့် ပညာကသာအရေးကြီးပါသည်။ ဘွဲ့နာမထက် ဘွဲ့ရသူက သာ၍ အရေးကြီးပါသည်။ လူသေလျှင် နာမည်မသေဘူးဟု ဆိုခြင်းမှာ လောက ကပေးသည့်ဘွဲ့နာမများကိုပြောခြင်းမဟုတ်ပါ။ လူတွေ၏ လုပ်ဆောင်ချက်များကို ပြောခြင်းဖြစ်ပါသည်။ မိမိသေလျှင်

မိမိသေလျှင် သားစဉ်မြေးဆက် ဂုဏ်ယူရတဲ့ နာမည်ကို ချန်ခဲ့ရန် အရေးကြီးပါသည်။ ရှက်လွန်းလို့ အမည် မဖော်ရဲတာမျိုး မဖြစ်ပါစေနှင့်။

သားစဉ်မြေးဆက် ဂုဏ်ယူရတဲ့ နာမည်ကို ချန်ခဲ့ရန် အရေးကြီးပါသည်။ ရှက်လွန်းလို့ အမည် မဖော်ရဲတာမျိုး မဖြစ်ပါစေနှင့်။

ကျွန်ုပ်တို့တွင် မိဘပေးထားသည့် နာမည်နှင့် လောကမှရရှိသည့် ဘွဲ့နာမများရှိကြပါသည်။ ပြီးတော့ နောင်ဘဝတွင် ခရစ်တော်ပေးမည့် ဘွဲ့နာမ အသစ်လည်း ရှိပါသေးသည် (ဗျာ ၂း၁၇)။ လောကကို အောင်မြင်သောသူများသာ ရမှာပါ။ ထာဝရကာလတွင် အရေးပါ အရာရောက်ဆုံးသော ဘွဲ့နာမဖြစ်ပါလိမ့်မည်။ သို့သော် ယခု ကျွန်တော်ပြောလိုသည့် ဘွဲ့နာမက ကျွန်တော်တို့ယုံကြည်သူများ ခံယူထားသည့် "ခရစ်ယာန်"ဆိုသော ဘွဲ့နာမပါပဲ။ မည်သူ့နာမကို မိမိခံယူထားကြောင်း အမြဲ သတိရနေဖို့လိုပါသည်။

ခရစ်တော်သည် ကယ်တင်ရှင်၊ ထာဝရအသက်သခင်၊ အံ့သြဖွယ် တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင်ဖြစ်ပါ၏ (ဟေရှာ ၉း၆)။

စကြဝဠာတစ်ခုလုံးတွင်ရှိသော နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမဖြစ်ပါ၏။ တစ်နေ့တွင် ကောင်းကင်နှင့် မြေကြီးတွင်ရှိသမျှသော သတ္တဝါအားလုံးသည် ယေရှုခရစ်၏ နာမတော်ကို ဒူးထောက်၍ သခင်ဖြစ်တော်မူကြောင်း ဝန်ခံကြရပါမည် (ဖိ ၂း၉–၁၁)။

ခရစ်ယာန်ဆိုသည့် အမည်နာမနှင့် ထိုက်တန်သောသူများဖြစ်ရန် ကျင့်ကြံလိုက်နာဖို့ရန်အချိန်တန်ပါပြီ။

ဒေါက်တာဖေမြတ်ဝင်း

*မှတ်ချက်။ ။ ၂၀၀၉ ခုနှစ် ဇွန်လထုတ် မြန်မာ့တမန် မဂ္ဂဇင်းမှကောက်နုတ်တင်ပြထားပါသည်။*